၁၂ – ဘုရားသခင်၏မျက်လုံးတို့က အသိပညာကို စောင့်ရှောက်ထိန်းသိမ်းသည်၊ ထို့အတူ အပြစ်ကျူးလွန်သူတို့၏ စကားလုံးများကိုလည်း မှောက်လှန်ပစ်ပါသည်။
၁၃ – ပျင်းရိသူက၊ အပြင်ဖက်တွင် ခြင်္သေ့ရှိသည်၊ လမ်းများပေါ် ထွက်လျှင် ငါအသတ်ခံရလိမ့်မည်ဟု ပြောပါသည်။
၁၄ – သူစိမ်းအမျိုးသမီး၏ပါးစပ်သည် နက်ရှိုင်းသောတွင်းနက်ဖြစ်သည်၊ ဘုရားသခင်၏ ရွံမုန်းခြင်းခံရသူသည် ထိုအထဲသို့ လိမ့်ကျလိမ့်မည်။
၁၅ – မိုက်မဲခြင်းသည် ကလေးငယ်၏နှလုံးသားထဲတွင် တုတ်နှောင်ထားပါသည်၊ သို့သော် အမှားပြင်ပေးခြင်းကြိမ်လုံးက ၎င်းကို အဝေးသို့ နှင်ထုတ်လိမ့်မည်။
၁၆ – မိမိ၏ချမ်းသာခြင်းတိုးပွားရန် ဆင်းရဲသူကို ဖိနှိပ်သူ၊ ထို့နောက် ချမ်းသာသူကိုပေးသောသူသည် အမှန်ပင် ဆင်းရဲရလိမ့်မည်။
၁၇ – သင့်နားကို ညွတ်လျှက်၊ ပညာရှိ၏စကားတို့ကို နားထောင်ပါ၊ သင့်နှလုံးသားသို့ ငါ့အသိပညာကို အကျိုးသက်ရောက်မှု ဖြစ်စေပါ။
၁၈ – အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ကို သင့်အထဲ၌ စောင့်ရှောက်ထိန်းသိမ်းခြင်းသည် အလွန်ပင် သဘောကျစရာဖြစ်ပါသည်၊ သူတို့သည် သင်၏နှုတ်ခမ်းတို့နှင့် ကိုက်ညီလာမည်ဖြစ်သည်။
၁၉ – ထိုသို့ဖြင့် သင့်ကိုးစားခြင်းသည် ဘုရားသခင်ထံ ဖြစ်လာပါမည်၊ ထိုအကြောင်းကို ငါသည် သင့်ထံ ယနေ့တွင် သိစေပါသည်၊ သင့်ထံသို့ပင် ဖြစ်ပါသည်။
၂၀ – ငါသည် သင့်ထံသို့ အကြံအစည်တို့နှင့်၎င်း၊ အသိပညာနှင့်ပတ်သက်၍၎င်း ခန်းနားကြီးကြယ်သောအရာများကို ရေးခဲ့ပါသည် မဟုတ်လော?
၂၁ – ထိုသို့ဖြင့် ငါသည် သင့်ကို အမှန်တရားနှင့်ပတ်သက်သောစကားလုံးတို့၏ သေချာမှုကို သိစေမည်မဟုတ်လော? ထိုသို့ဖြင့် သင်သည် သင့်ထံသို့မေးမြန်းလာကြသူများကို အမှန်တရားစကားလုံးတို့နှင့် ပြန်ဖြေနိုင်မည်မဟုတ်ပါလော?
၂၂ – ဆင်းရဲသူကို သူဆင်းရဲသောကြောင့် ဓါးပြမတိုက်နှင့်၊ ထို့အတူ ဒုက္ခဝေဒနာခံစားနေရသူကို တံခါးဝတွင် အနိုင်မကျင့်နှင့်၊
၂၃ – အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်က သူတို့အမှုကို ဆောင်ရွက်လိမ့်မည်၊ သူတို့အား ဖျက်ဆီးသောဝိညာဉ်ကို ဖျက်ဆီးတော်မူလိမ့်မည်။
၂၄ – ဒေါသထွက်နေသူနှင့် မိတ်ဆွေမဖွဲ့နှင့်၊ ထို့အတူ အမျက်ခြောင်းခြောင်းထွက်နေသူနှင့် အတူမသွားနှင့်၊
၂၅ – မဟုတ်ပါက သင်သည် သူတို့နေထိုင်ပုံကို သင်ယူမိလိမ့်မည်၊ ထို့နောက် သင့်ဝိညာဉ်ကို ကျော့ကွင်း၌ မိစေလိမ့်မည်။
၂၆ – သင်သည် လက်ခြင်းရိုက်သူတို့အထဲမှ တဦးမဖြစ်နှင့်၊ (သို့) အကြွေးများအတွက် အာမခံကြသူတို့အထဲတွင်လည်း မပါနှင့်။
၂၇ – အကယ်၍ သင့်ထံ၌ ဘာမျှပေးစရာမရှိလျှင်၊ အဘယ့်ကြောင့် ထိုသူသည် သင့်အောက်၌ရှိသော အိပ်ရာကို ယူရပါမည် နည်း?
၂၈ – ရှေးယခင်က သင့်ဖခင်များ စိုက်ထားခဲ့သော နယ်နိမိတ်မှတ်တိုင်ကို မရွှေ့နှင့်။
၂၉ – မိမိအမှုကိစ္စတွင် လုံ့လဝီရိယရှိသူကို သင်မြင်ပါသလား? သူသည် ရှင်ဘုရင်တို့ရှေ့တွင် ရပ်ရလိမ့်မည်၊ သူသည် အညတရဖြစ်သူတို့ရှေ့တွင် ရပ်ရလိမ့်မည် မဟုတ်။

××××××××××××××××××××××

၁သက် ၂း၁–၂၀ (ဂျိန်းဘုရင်မှ)
၁ – ညီအကိုတို့၊ သင်တို့ထံသို့ ငါတို့၏ဝင်ရောက်ခြင်းသည် အချည်းနှီးမဲ့ မဟုတ်ကြောင်းကို သင်တို့ကိုယ်တိုင် သိကြပါသည်၊–
၂ – သို့သော် ဖိလစ်ပိုင်မြို့၌ အစတွင် ဒုက္ခများကိုခံစားကြရကာ၊ ထို့နောက် ရှက်ဖွယ်လိလိ ဆက်ဆံခြင်း ခံခဲ့ကြရသည်ကို သင်တို့အားလုံးသိကြပါသည်၊ ငါတို့သည် ငါတို့ဘုရားသခင်ထံ၌ ရဲရင့်စွာနှင့် သင်တို့ထံ ဘုရားသခင်၏ဧဝံဂေလိတရားကို များစွာသောဆန့်ကျင်မှုများနှင့်အတူ ဟောပြောခဲ့ကြပါသည်။
၃ – အဘယ့်ကြောင့်ဆိုသော် ငါတို့၏တိုက်တွန်းခြင်းသည် လိမ်ညာမှုဖြင့် မဟုတ်ပါ၊ ထို့အတူ မသန့်ရှင်းခြင်းလည်း မပါပါ၊ ထို့အပြင် မရိုးသားခြင်းလည်း မပါပါ၊–
၄ – သို့သော် ငါတို့ကို ဘုရားသခင်က ဧဝံဂေလိရားနှင့်အတူ စိတ်ချရသူများဟု မှတ်ယူသဖြင့်၊ ငါတို့သည် ဟောပြောကြပါသည်၊ လူတို့ကို ကျေနပ်စေရန်အတွက်မဟုတ်၊ ငါတို့၏နှလုံးသားများကို စစ်ဆေးသူ၊ ဘုရားသခင်၊ ကျေနပ်စေရန်အတွက်ဖြစ်သည်။
၅ – အဘယ့်ကြောင့်ဆိုသော် ငါတို့သည် မည်သည့်အခါတွင်မျှ မြှောက်ပင့်သောစကားများကို မသုံးကြ၊ သင်တို့သိကြပါသည်၊ ထို့အတူ လောဘကြီးခြင်းဝတ်ရုံကိုလည်း မခြုံကြပါ၊ ဘုရားသခင်သည် သက်သေဖြစ်ပါသည်၊–
၆ – ထို့အတူ လူတို့ပေးသော ဂုဏ်ကျက်သရေကိုလည်း ငါတို့ မရှာကြပါ၊ သင်တို့ထံမှဖြစ်စေ၊ အခြားသူတို့ထံမှဖြစ်စေ မရှာကြပါ၊ ခရစ်တော်၏တမန်တော်များအဖြစ်နှင့် ငါတို့သည် အခြားသူတို့၏ အကူအညီကို ရယူနိုင်ကြသော်လည်း ထိုသို့မပြုကြပါ။
၇ – သို့သော် ငါတို့သည် သင်တို့ကြားတွင် နူးညံ့သိမ်မွေ့ကြပါသည်၊ နို့တိုက်မိခင်က သူမ၏ကလေးများကို ပြုစုသကဲ့သို့ ဖြစ်ပါသည်၊–
၈ – သင်တို့ကို ကြင်နာလွန်းကြသဖြင့်၊ ငါတို့သည် သင်တို့ထံ ဘုရားသခင်၏ဧဝံဂေလိတရားကိုသာ ဝေမျှချင်ကြသည် မဟုတ်ပါ၊ ငါတို့၏ဝိညာဉ်များကိုလည်း ဝေမျှချင်ကြပါသည်၊ အဘယ့်ကြောင့်ဆိုသော် သင်တို့ကို ငါတို့ ချစ်လှသဖြင့်ဖြစ်ပါသည်။

